# Refugee Legal:

Burmese

## အရေးကြီးသောသတင်းအချက်အလက်:

## TPV/SHEV ဗီဇာမှ အမြဲတမ်းနေထိုင်ခွင့်ဗီဇာသို့ ကူးပြောင်းခြင်းဆိုင်ရာ အပြောင်းအလဲများ

ဖက်ဒရယ်အစိုးရသည် Resolution of Status visa (RoS visa) နှင့် ပတ်သက်၍ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့မှစတင်၍ အဓိကပြောင်းလဲမှုနှစ်ခုကို ကြေညာခဲ့သည်။ ဤစာစောင်တွင် အောက်ပါအချက်နှစ်ချက်ရှင်းပြထားသည်-

- အဓိကပြောင်းလဲမှုများ နှင့်
- လိုအပ်သော ဥပဒေရေးရာအကူအညီကို အခမဲ့ ရယူနည်း။

**<u>၁။ အမြဲတမ်း RoS ဗီဇာ ရရှိနိုင်မှုအရည်အချင်းဆိုင်ရာ အပြောင်းအလဲများ</u>**

အမြဲတမ်း RoS ဗီဇာ အသုံးပြုခွင့်ရရန် အစိုးရ ရည်ရွယ်ထားသည့် ယခုလူတိုင်း ဒီဗီဇာ ရရှိနိုင်ရန် ဥပဒေပြောင်းလဲထားသည်။ ဆိုလိုသည်မှာ အရင်က လျှောက်ခွင့်မရသောသူများ ယခု RoS ဗီဇာ လျှောက်ထားနိုင်ပြီဖြစ်သည် (သို့မဟုတ်) လက်ရှိ ယာယီ ခိုလှုံခွင့်ဗီဇာ (TPV) /Safe Haven Enterprise Visa (SHEV) လျှောက်လွှာတင်ထားချက်များကို RoS ဗီဇာ လျှောက်လွှာအဖြစ် အလိုအလျောက် ပြောင်းလဲနိုင်ပြီဖြစ်သည်။

**အရေးကြီးအချက်**- ဤပြောင်းလဲမှုများမတိုင်မီ RoS ဗီဇာအတွက် အရည်အချင်းပြည့်မီပြီးသူတိုင်းသည် အရည်အချင်းပြည့်မီဆဲဖြစ်သည်။ **အခု ဘယ်သူတွေ အရည်အချင်းပြည့်မီနိုင်မလဲ?**

- ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် TPV/SHEV ကိုင်ဆောင်ထားသော်လည်း ၎င်းတို့၏ ဗီဇာသက်တမ်းမကုန်မီ RoS ဗီဇာ <u>မလျှောက်</u>ထားသူများသည် ImmiAccount မှတစ်ဆင့် RoS ဗီဇာ လျှောက်ထားနိုင်ပါပြီ။ လျှောက်ထားရန် ကျွန်ုပ်တို့ ကူညီနိုင်ပါသည်။
- လက်ရှိ TPV/SHEV လျှောက်လွှာတင်ထားသူများ (၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့မတိုင်မီ) သည် TPV/SHEV စံသတ်မှတ်ချက်များနှင့် ပြည့်မီသည်နှင့် ၎င်းတို့ အဆိုပါလျှောက်လွှာကို RoS ဗီဇာလျှောက်လွှာအဖြစ် အလိုအလျောက် ပြောင်းပေးမည်ဖြစ်သည်၊ ဤအုပ်စုများအတွက် RoS ဗီဇာသို့ ပြောင်းလဲခြင်း အလိုအလျောက် ဖြစ်ပေါ်မည်ဖြစ်ပြီး သင် ဘာမှလုပ်စရာ<u>မလိုပါ</u>။ သက်ဆိုင်သောအုပ်စုများမှာ-
  - o ပထမဆုံး TPV/SHEV လျှောက်ထားသူများ  သူတို့ကိုယ်ပိုင် ယာယီ ခိုလှုံခွင့်ဗီဇာ TPV/SHEV တောင်းဆိုမှုများမရှိသော်လည်း ခိုလှုံခွင့်ဗီဇာ တောင်းဆိုမှုရှိထားသူများ၏ မိသားစုဝင်များ၊
  - o ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်  TPV/SHEV မကိုင်သော်လည်း ယခင်က (မဖျက်သိမ်းရသေးသော) TPV/SHEV ဗီဇာ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ မတိုင်မီ ကိုင်ဆောင်ထားသူများ၊ နှင့်
  - o TPV/SHEV လျှောက်ထားမှုအဖြေ ရသော်လည်း TPV/SHEV ကို မကိုင်ဆောင်ဖူးသူများ။

**<u>၂။ RoS ဗီဇာလျှောက်ထားသူများအတွက် အထောက်အထားနှင့် ပတ်သက်သော လိုအပ်ချက်အသစ်များ</u>**

RoS ဗီဇာလျှောက်ထားသူ၏အထောက်အထားနှင့်ပတ်သက်သော လိုအပ်ချက်အသစ်များကို ထားရှိရန်အတွက် ဥပဒေသည် ပြောင်းလဲသွားပါသည်။

### အပြောင်းအလဲတွေက ဘာတွေလဲ?

ပြည်ထဲရေးဝန်ကြီးဌာန သည် RoS ဗီဇာလျှောက်ထားသူများအား ၎င်းတို့၏အထောက်အထားနှင့်ပတ်သက်သည့် ထပ်လောင်းအချက်အလက်များကို ပေးဆောင်ရန် ယခု တောင်းဆိုနိုင်ပြီဖြစ်သည်။ အဆိုပါဌာနက အောက်ပါအကြောင်းပြချက်များအတွက် တောင်းဆိုနိုင်သည်ဟု ဆိုပါသည်။

- မည်သူမည်ဝါဖြစ်ကြောင်း အချက်အလက်များကို ရှင်းလင်းရန်နှင့် အမှားများကို ပြင်ဆင်လိုသောအခါ သို့မဟုတ်

- ဌာနအနေနှင့် ယခင်ကမသိခဲ့သောလျှောက်ထားသူ၏ အထောက်အထားနှင့် ပတ်သက်သည့် အချက်အလက် အသစ်များရရှိနိုင်ပြီး မည်သူမည်ဝါဖြစ်ကြောင်းရှင်းလင်းစွာမဖော်ပြထားဟုယုံကြည်သောအခါ

အကယ်၍ ပြည်ထဲရေးဝန်ကြီးဌာနသည် မည်သူမည်ဝါဖြစ်ကြောင်း သံသယဖြစ်ဖွယ်ရှိနေသော်လည်း အောက်ပါရှိ အချက်တစ်ချက် ကိုက်ညီပါက RoS ဗီဇာ ပေးနိုင်ပါ သည် -

- RoS ဗီဇာကိုင်ဆောင်ထားသော မိသားစု၊ သို့မဟုတ်
- ခိုလှုံခွင့်ဗီဇာ သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်း၊ သို့မဟုတ်
- ဆွဲဆောင်မှုရှိသော သို့မဟုတ် သနားကြင်နာတတ်သော အခြေအနေ

ဌာနသည် လူတစ်ဦး၏ အထောက်အထားနှင့်ပတ်သက်သည့် နောက်ထပ်အချက်အလက်များ လိုအပ်ပါက၊ ၎င်းတို့အား တုံ့ပြန်ရန် အခွင့်အရေးတစ်ခု ပေးမည်ဖြစ်သည်။ ဤအရာကို ကျွန်ုပ်တို့ ကူညီနိုင်ပါသည်။

## ဤပြောင်းလဲမှုများသည် မည်သူနှင့်သက်ဆိုင်သနည်း။

- RoS ဗီဇာလျှောက်ထားသူအားလုံး၊ နှင့်
- TPV/SHEV လျှောက်လွှာကို RoS ဗီဇာလျှောက်လွှာသို့ အလိုအလျောက်ပြောင်းသွားသောလူများအားလုံး။

သို့သော်လည်း ရှင်းလင်းရန် လိုအပ်သည့် အထောက်အထားနှင့် ပတ်သက်သည့် နောက်ထပ် အချက်အလက်များကိုသာ တောင်းဆိုမယ် ဟု အဆိုပါဌာနက ဆိုသည်။

ဤပြောင်းလဲမှုများသည် လက်ရှိ RoS ဗီဇာကိုင်ဆောင်သူများနှင့် မသက်ဆိုင်ပါ။

## ဥပဒေရေးရာအကူအညီကို ဘယ်လိုရယူမလဲ။

ဤပြောင်းလဲမှုများကြောင့် ထိခိုက်နစ်နာပါက ဥပဒေရေးရာအကူအညီ ရယူရန် အရေးကြီးပါသည်။ Victoria၊ South Australia နှင့် Northern Territory နေထိုင်ပါက အခမဲ့ အကူအညီအတွက် Refugee Legal သို့ ဆက်သွယ်ပါ-

- Refugee Legal TPV/SHEV ပြောင်းလဲခြင်း Hotline - တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉း၀၀ မှ ညနေ ၅း၀၀ နာရီအထိ (၀၃) ၉၄၁၃ ၀၁၃၃၊
- Email: Rosvisa@refugeelegal.org.au | Website: www.refugeelegal.org.au
- အခြားပြည်နယ်များတွင် အခမဲ့ဥပဒေရေးရာအကူအညီအတွက် - https://immi.homeaffairs.gov.au/Visa-subsite/files/english-ros-factsheet.pdf